*Volume 4 / Issue 1 / January / 2011*

*Enjoy free reading from B.C.F*

# † Newsletter - သတင်းလွှာ

## မြန်မာခရစ်ယာန်မိတ်သဟာယအသင်းတော်

(အသင်းတော်တွင်းကန့်သတ်ထုတ်ဝေသည်)

*သတင်းလွှာအယ်ဒီတာ၏နှုတ်ခွန်းဆက်အမှာစကား၊–*

## ၂၀၁၁–ခုနှစ်တွင် "ကိုယ်–စိတ်–နှလုံး ရွှင်လန်းပါစေ"

မင်္ဂလာအပေါင်း ခညောင်းသော ၂၀၁၁ ခုနှစ်သို့ ဝင်ရောက်လာပါပြီ။

ဘုရားသခင်ပြင်ဆင်ပေးသော ၂၀၁၁ နှစ်သစ်သို့ ဝင်ရောက်ခွင့် ရရှိကြသော မြန်မာခရစ်ယာန်မိတ်သဟာယ အသင်းတော်၏ သတင်းလွှာ *(BCF Newsletter)* ကို ဖတ်ရှုသူအပေါင်း ဘုရားသခင် ထံတော်ပါးမှ အဘယ်သူမျှ ကြံ၍ မမှီနိုင်သော ဘုရားသခင်၏ ငြိမ်သက်ခြင်းသည် သခင်ယေရှု ခရစ်တော်အားဖြင့် သင်တို့၏ စိတ်နှလုံးတို့ကို စောင့်မပါစေသောဝ်...၊ အာမင်။

ကျွန်ုပ်တို့ ကြိုတင်၍မသိမမြင်နိုင်သော ၂၀၁၁နှစ်သစ် အချိန်ကို စက္ကန့်၊ မိနစ်၊ နာရီ၊ ရက်၊ လ၊ တို့ဖြင့် ဖွဲ့စည်းထားပါသည်။ တစ်နှစ်တာ သက်တမ်းတွင် မြေကြီးမကုန်မီ တိုင်အောင်၊ မျိုးစေ့ ကြဲရသောကာလ၊ အသီးအနှံကို သိမ်းရသောကာလ၊ ချမ်းသောကာလ၊ ပူသောကာလ၊ နွေကာလ၊ ဆောင်းကာလ မပြတ်ရဟု အမိန့်တော်ရှိသည်အတိုင်း အပြောင်းအလဲ ရှိပါသည်။

ထို့အတူ ခပ်သိမ်းသော အမှုအရာတို့သည် မိမိတို့အချိန်ရှိ၏။ ကျော်ဖြတ်ပြီးသော လွန်ခဲ့သည့် နှစ်ပေါင်းများစွာ၏ အတွေ့အကြုံများကို သင်ခန်းစာယူလျက်၊ ဤ ၂၀၁၁ ခုနှစ်တွင် ပြုပြင်စရာ၊ ပြင်ဆင်စရာ၊ လိုက်လျှောက်စရာ ... များစွာတို့ကို ဘုရားသခင့်ထံတော်မှ တန်ခိုးတော်၏ခွန်အား၊ လက်တော်နှင့် စောင်မခြင်း၊ မေတ္တာတော်ဖြင့်ကျေးဇူးပြုခြင်း တို့ကို အားရကျေနပ်စွာ လက်ဝယ်ပိုင်ဆိုင်ရယူလျက်၊ ရဲရင့်စွာ ရှေ့သို့ ချီတက်ကြပါစို့။

*ထာဝရဘုရားသည် မင်္ဂလာရှိတော်မူစေသတည်း။*
*ငါတောင်းလျှောက်သော အသံကို နားထောင်တော်မူပြီ၊*
*ထာဝရဘုရားသည် ငါ၏ခွန်အားဗလ၊ ငါ၏အကွယ်အကာ ဖြစ်တော်မူ၏။*
*ငါ့နှလုံးသည် ထိုဘုရားကို ကိုးစား၍ ငါ့ကိုစောင့်မတော်မူသောကြောင့်၊ ငါ့နှလုံးသည် ရွှင်လန်းလျက်ရှိ၏။*

Mailing Address- Burmese Christian Fellowship. 11410 Telechron Ave. Whittier, CA 90605
Phone (562) 944-9091 www. bcfla.org

# အင်္ဂါအသီးသီးတို့၏ စွမ်းဆောင်နိုင်ခြင်း၊

**အရာရာ၌ ကျေးဇူးကို ချီးမွမ်းကြလော့။**
**အကြောင်းမူကား။ သင်တို့သည် ထိုသို့ကျင့်စေခြင်းငှါ၊**
**ယေရှုခရစ်၌ဘုရားသခင်အလိုတော်ရှိ၏။ ၁သက်၅း ၁၈**

ကျွန်တော်၏မိခင် အလွန်နေမကောင်း၍ ဆေးရုံသို့ တင်လိုက်ရသောအချိန်တွင် ကျွန်တော်၏မိခင်ကို စောင့်ကြည့်ရင်း၊ မိခင် အပါအဝင် လူနာအချို့ကို အနီးကပ် မြင်တွေ့ခွင့်ရပါသည်။

အချို့လူနာသည် မျက်စိနှစ်လုံး ဖွင့်ထားသည်ဟု ထင်ရသော်လည်း မျက်စိတဖက်သာ မြင်နိုင်စွမ်းရှိ၏။
အချို့ကား နှစ်ဖက်စလုံး မမြင်နိုင်ပါ။
အချို့လူနာသည် လက်နှစ်ဖက်ရှိသော်လည်း လက်တဖက်သာလှုပ်နိုင်သည်။
အချို့မှာ လက်နှစ်ဖက်လုံး မလှုပ်နိုင်။
အချို့လူနာသည် ခြေထောက်နှစ်ဖက်ရှိသော်လည်း ခြေထောက်တဖက်သာ လှုပ်နိုင်သည်။
အချို့မှာမူ ကား ခြေထောက်နှစ်ဖက်စလုံး မလှုပ်ရှားနိုင်တော့ပါ။
အချို့လူနာသည် နှာခေါင်းရှိသော်လည်း အသက်ဝအောင်မရှူနိုင်။ ပိုက်လုံးဖြင့် အောက်ဆီကျင် ပေးရ၏။
အချို့လူနာသည် ပါးစပ်ရှိသော်လည်း စကားကို ပီပီသသ မပြောနိုင်ပါ။ နားစွင့်ထောင်ရသည်။
အချို့လူနာသည် သွားရှိသော်လည်း အစာကို မဝါးနိုင်တော့ပါ။ အစာကို စက်ဖြင့် ကျိတ်ကျွေးရသည်။
အချို့လူနာသည် လည်ချောင်းရှိသော်လည်း အစာကို မမျိုနိုင်တော့ပါ။ ပိုက်လုံးဖြင့်သွင်းပေးရသည်။

ကျန်းမာသောအခါ ကျွန်တော်တို့ ပြုလုပ်သောလှုပ်ရှားမှု မှန်သမျှသည် မည်မျှပင် သေးငယ်သည် အရေးမကြီးသည်ဟု ထင်ရသော်လည်း အဖဘုရားသခင် ပေးသနားတော်မူသော ဆုကျေးဇူးများသာဖြစ်ကြောင်း နားလည်ရမည်။ အမှုမဲ့ အမှတ်မဲ့ မဟုတ်ဘဲ တန်ဖိုးထားသင့်ကြောင်း နားလည်ရမည်။

ထို့ကြောင့် မျက်စိ၏မြင်နိုင်စွမ်း၊ နား၏ကြားနိုင်စွမ်း၊ ခြေလက်၏လုပ်ကိုင်နိုင်စွမ်း...အစရှိသည်တို့နှင့် ကိုယ်လက်အင်္ဂါပြည့်စုံလျက် အင်္ဂါအသီးသီးတို့ကို ဘုရားရှင် စီရင်ခန့်ထားတော်မူသည်အတိုင်း စွမ်းဆောင်နိုင်ခြင်းသည် ကျေးဇူးတော်ပင်ဖြစ်ပါသည်။။ ကျန်းမာသန်စွမ်းနေခြင်းသည် ကျွန်တော်တို့၏ အရည်အချင်းကြောင့် မဟုတ်ပါ။ ဘုရားသခင်၏ ကျေးဇူးတော်ကြောင့်သာ ဖြစ်သည်။

လူအပေါင်းတို့အား ဤသို့သော အခွင့်ကို အပ်ပေးတော်မူသော ဘုရားသခင်၏ ဂုဏ်တော်ကို ချီးမွမ်းကြစို့။

ကျွန်တော်တို့၏ ရရှိသည့် ဆုကျေးဇူးများအတွက် အဖဘုရားသခင်ကို ကျေးဇူးတင်လျက်နှင့် ချီးမွမ်းကြပါစို့။ အာမင်။

John Ma, B.C.F

# ဒုက္ခဆင်းရဲတွင်းသို့ကျသောအခါ

***Learn from your losses***
***but keep climbing higher***
***and make failure your stepping stone.***

တခါက၊ ရွာတစ်ရွာတွင် လယ်သမား ကြီးတစ်ယောက်၌ မြည်းအိုတစ်ကောင်ရှိသည်။ တနေ့သောအခါ၊ ထိုမြည်းအိုသည် အမှုမဲ့ အမှတ်မဲ့ မမျှော်လင့်ဘဲ ရေခမ်းခြောက်နေသော ရေတွင်းဟောင်းနက် တစ်ခုထဲသို့ ကျသွားသည်။ မြည်းအိုသည် ကြောက်လန့်စွာဖြင့် သနားစရာ ငိုကြွေး၍ အကူအညီတောင်းသည်။



မြည်းပိုင်ရှင် လယ်သမားသည် နည်းအမျိုးမျိုးဖြင့် ဤမြည်းအိုကို ကယ်ထုတ်ဖို့ရန် ကြိုးစားခဲ့သော်လည်း အောင်မြင်ခြင်းမရှိ။

နောက်ဆုံး၌၊ ဘာမျှ မတတ်နိုင်တော့ဘဲ၊ လယ်သမားသည် ဝမ်းနည်းစွာဖြင့် ဆုံးဖြတ်ချက်တစ်ခု ချလိုက်သည်။ မြည်းအိုကို ကယ် ထုတ်ရန်မဖြစ်နိုင်မည့် အတူတူ ဤအန္တရာယ် ရှိသော ရေတွင်းဟောင်းကို လုံခြုံအောင် မြေဖို့ လိုက်ရန်ဖြစ်သည်။ ရွာသူရွာသားများကို အကူ အညီတောင်းလိုက်သည်။ လယ်သမားသည် ရွာသူရွာသားများ နှင့်အတူ ကော်ပြားများကို အသုံးပြုကာ၊ ရေတွင်းထဲသို့ ကျောက်တုံးလေးများပါသည့် သဲမြေမှုန့်များဖြင့် စတင်၍ ဖို့သွင်းလေတော့သည်။ မြည်းအိုသည် အရှင်လတ်လတ် မြေမြှုပ်ခံရ တော့မည်ကို သိ၍၊ ပထမတွင် ကြောက်အားလန့်အားနှင့် ကျယ်လောင်စွာ အော်ဟစ် ငိုယိုသော်လည်း ခဏကြာသောအခါတွင် မြည်းအိုထံမှ အသံမကြားရတော့ဘဲ ငြိမ်သက်သွားသည်။

ရေတွင်းထဲသို့ကြည့်လိုက်သောအခါ အလွန်အံ့သြဖွယ်ကောင်းသော မြင်ကွင်းတစ်ခု ကိုတွေ့ရသည်။ မြည်းအိုသည် နာကျင်သော် လည်း အံကိုကြိတ်ကာ မလျှော့သော ဇွဲလုံ့လ ဝီရိယဖြင့် ကိုယ်ပေါ်သို့ကျလာသော ကျောက်ခဲ တုံးလေးများ ပါသော သဲမြေမှုန့်များကို ဆက် တိုက် ခါချကာ၊ ကျလာသော သဲမြေမှုန့်များ အပေါ် တက်နင်း၍ တစ်လှမ်းပြီး တစ်လှမ်း မြင့် သည်ထက် မြင့်အောင်တက်လှမ်းနေသည်ကို တွေ့ရသည်။ ခါချသော သဲမြေမှုန့်များ များလာလေလေ၊ ၎င်းတို့ကို နင်း၍ အမြင့်သို့ တက်လှမ်းနိုင်လေ ဖြစ်ပြီး ရေတွင်း၏ အနားသို့ နီးလာလေ ဖြစ်သည်။ အတန်ကြာသောအခါ အနိုင်မခံ အရှုံးမပေးဘဲ ဆက်တိုက် ကြိုးစားလာသော မြည်းအိုသည် ရေတွင်းဟောင်းမှ အရှင်လတ်လတ် မြေမြှုပ်ခံရတော့မည့် အန္တရာယ်မှ အလွတ်ရုန်းထွက်လာနိုင်၍ အသက်ချမ်းသာရာ ရလေ တော့သည်။

*ဘုရားသခင်သည် ငါတို့ ခိုလှုံရာဖြစ်၍ ခွန်အားကို ပေးတော်မူ၏။*
*ဘေးရောက်သည်ကာလ အထူးသဖြင့် ကူမတော်မူကြောင်း ထင်ရှားလျက်ရှိ၏။ (ဆာလံ၄၆း၁)*

ကျွန်တော်တို့သည်လည်း ဘဝလမ်း ခရီးကို လျှောက်လှမ်း သောအခါ တခါတရံတွင် မမျှော်လင့်ဘဲ အပြစ် ဒုက္ခဆင်းရဲ တွင်းနက် ထဲသို့ ကျသွားနိုင်ပါသည်။  ထိုအခါ ကျွန်တော်တို့သည် ငြိမ်သက်ခြင်းအရှင်ဖြစ်သော သခင်ခရစ်တော်ဘုရားထံမှ လွတ်မြောက်ရန် ဆုတောင်းခံပါ။ ခွန်အားရယူပါ။ ထိုသို့ပြုလုပ်ခြင်း အားဖြင့် ကျွန်တော်တို့၏ ကိုယ်ပေါ်သို့ ကျလာသော နာကျင်မှုများ၊ စုံစမ်းနှောက် ယှက်မှုများ၊ အပြစ်တင် ဝေဖန်ခံရမှုများ၊ အန္တရာယ်များနှင့် အပြစ်ဒုက္ခ ဆင်းရဲခြင်းများကို လက်မြောက်အရှုံးမပေးဘဲ၊ ခရစ်တော်ထံမှ ခွန်အားရယူပါ။

*ငါ့ကို ခွန်အားနှင့် ပြည့်စုံစေတော်မူသော ခရစ်တော်အားဖြင့်*
*ခပ်သိမ်းသော အမှုတို့ကို ငါတတ်စွမ်းနိုင်၏။ (ဖိလိပ္ပိ၄း၁၃)*

ကျွန်တော်တို့သည် ဘုရားနှုတ်ကပါတ်တော်၏ ဂတိတော်များကို ဆွဲကိုင်၍ အော်ဟစ်တောင်းခံလျှင်…၊

*သင်၏ဘုရားသခင်ထာဝရဘုရားသည် သင့်အလယ်၌ရှိ၍၊*
*တန်ခိုးကြီးသောဘုရားသည် သင့်ကို ကယ်တင်တော်မူလိမ့်မည်။ (ဇေဖနိ၃း၁၇)*

လောက အသက်တာ၌ မမျှော်လင့်ဘဲ ရင်ဆိုင်နေရသော အခက်ခဲ ပြဿနာများ တို့ကို ဘုရားင်ထံမှ ချပေးသာ ခွန်အားဖြင့် တဆင့်ပြီးတဆင့် ဖြေရှင်းသွားနိုင်ပါမည်။

***Each of our trouble is a steeping stone.***
***Shaking off and take a step up.***
***We can get out of the deepest wells***
***by not stopping, never giving up!***



By: John Ma, B.C.F